**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၆၇/ ၂၀၂၀**

**၁၃၈၂ ခုနှစ်၊သီတင်းကျွတ်လဆန်း ၆ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၂ ရက် )**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

## စီးပွားရေးအကျိုးဆောင်များမှတ်ပုံတင်ခြင်းအမိန့်ကိုပြင်ဆင်သည့်အမိန့်

၁။ ပြည်ပနိုင်ငံများနှင့်ချိတ်ဆက်ဆောင်ရွက်သော ကုန်သွယ်မှုဆိုင်ရာစီးပွားရေးဝန်ဆောင်မှုလုပ်ငန်းများအဆင်ပြေစွာဆောင်ရွက်ရန် မြန်မာနိုင်ငံသားတစ်ဦးကို ပြည်ပလုပ်ငန်းရှင်၏ ကော်မရှင်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့်ပြုထားပြီး အဆိုပါကော်မရှင်ကို စနစ်တကျအဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်လက်မှတ် လျှောက်ထားရန်နှင့် လိုက်နာဆောင်ရွက်ရန် အချက်များကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန (ယခင်ကုန်သွယ်ရေးဝန်ကြီးဌာန)က အမိန့်အမှတ် ၂/၈၉ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (ယခင်ကုန်သွယ်ရေးဝန်ကြီးဌာန) ၏ အမိန့်အမှတ်၂/၈၉ ဖြင့်ထုတ်ပြန်ခဲ့သော စီးပွားရေးအကျိုးဆောင်များမှတ်ပုံတင်ခြင်းအမိန့်၊ အပိုဒ် ၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅(က) လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်၏ သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ ၂ နှစ်ဖြစ်သည်။

(ခ) သို့သော်လည်း ပြည်ပလုပ်ငန်းရှင်နှင့် ချုပ်ဆိုသည့်စာချုပ်အရ စီးပွားရေးအကျိုးဆောင်ခန့်အပ်မှုကာလသည် ၂ နှစ်အောက်လျော့နည်းပါက ယင်းနည်းရာကာလကို လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်သက်တမ်းအဖြစ် သတ်မှတ်သည်။"

၃။ စီးပွားရေးအကျိုးဆောင်များ မှတ်ပုံတင်ခြင်းအမိန့် အပိုဒ် ၇၊ အပိုဒ်ခွဲ (က)နှင့် အပိုဒ်ခွဲ (ခ) တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

(က) **ကော်မရှင်နှုန်း (နိုင်ငံခြားငွေ) ရရှိသည့် စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်များ**

(၁) စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်ကြေး - ကျပ် ၂၅၀၀၀၀

(၂) စီးပွားရေးအကျိုးဆောင်သက်တမ်းတိုးကြေး - ကျပ် ၂၅၀၀၀၀

(ခ) **လစာ (နိုင်ငံခြားငွေ) ရရှိသည့် စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်များ**

(၁) မှတ်ပုံတင်ကြေး

(ကက) လစာအမေရိကန်ဒေါ်လာ ၁၀၀ မှ ၅၀၀ - ကျပ် ၁၅၀၀၀

( ခခ ) လစာအမေရိကန်ဒေါ်လာ ၅၀၁ မှ ၁၀၀၀ - ကျပ် ၂၅၀၀၀

(ဂဂ) လစာအမေရိကန်ဒေါ်လာ ၁၀၀၀ အထက် - ကျပ် ၄၀၀၀၀

(၂) **သက်တမ်းတိုးကြေး**

(ကက) လစာအမေရိကန်ဒေါ်လာ ၁၀၀ မှ ၅၀၀ - ကျပ် ၁၅၀၀၀

( ခခ ) လစာအမေရိကန်ဒေါ်လာ ၅၀၁ မှ ၁၀၀၀ - ကျပ် ၂၅၀၀၀

( ဂဂ ) လစာအမေရိကန်ဒေါ်လာ ၁၀၀၀ အထက် - ကျပ် ၄၀၀၀၀

၄။ စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်ကြေးနှင့်သက်ဆိုင်သော ယခင်ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၂၈-၁၂-၂၀၀၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ထုတ်ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ၆/၂၀၀၆ ပါ အပိုဒ် ၂ (ဇ) နှင့် ၁၇-၇-၂၀၀၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် စီးပွားရေးအကျိုးဆောင်နှင့်ပတ်သက်သော သတင်းလွှာ ၃/၂၀၁၃ တို့ကို ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ)

ဒေါက်တာသန်းမြင့်

ပြည်ထောင်စုဝန်ကြီး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ စက - ၁၁ / ၂ - ၃၇ / ၂၀၂၀ ( ၁၁ )

ရက် စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၂ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး

အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ

အသင်းချုပ် ( ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

( မြင့်လွင် )
ညွှန်ကြားရေးမှူးချုပ်